# ACC Against COVID-19




## အစီအစဉ် (၈၁)

# “ကိုဗစ်နဲ့ အစွန်းနှစ်ဘက်”

တင်ပြသူ
သိုက်စိုးထွန်း

ကိုဗစ်-၁၉ ကပ်ရောဂါဆိုးကျရောက်နေချိန်မှာ အကြပ်အတည်းတွေ့နေသူတွေများသလို ဒီရောဂါကို ထိန်းချုပ်ဖို့ စီမံခန့်ခွဲနေရသူတွေမှာလည်း အခက်အခဲတွေရှိကြပါတယ်။ အဓိကကတော့ အစွန်းနှစ်ဘက်မှာ ရပ်နေသူတွေကြောင့်ပါ။

နိုင်ငံတော်အစိုးရအနေနဲ့ ကပ်ရောဂါကိုထိန်းချုပ်နိုင်ဖို့ ဗဟိုကနေ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်တွေအထိ အဆင့်ဆင့်ကော်မတီတွေဖွဲ့စည်းပြီး စနစ်တကျကိုင်တွယ် ဆောင်ရွက်နေပါတယ်။ အမိန့်၊ ညွှန်ကြားချက်တွေကိုလည်း အခြေအနေ အချိန်အခါကို ချိန်ထိုးသုံးသပ်ပြီးတော့ လိုအပ်သလိုထုတ်ပြန်ပေးနေပါတယ်။ ထုတ်ပြန်လိုက်တဲ့အမိန့်၊ ညွှန်ကြားချက်တစ်ခု အသက်ဝင်ဖို့အတွက်လည်း အဆင့်ဆင့်သောတာဝန်ရှိသူတွေ၊ နိုင်ငံ့ဝန်ထမ်းတွေ၊ စေတနာ့ဝန်ထမ်းတွေ ပူးပေါင်းပြီး အကောင်အထည်ဖော်ဆောင်ရွက်နေကြပါတယ်။



ကပ်ရောဂါထိန်းချုပ်ရေးအတွက် အဟန့်အတားဖြစ်နေတဲ့ အစွန်းတရားနှစ်ပါးရှိပါတယ်။ ပေါ့ဆလွန်းခြင်းဆိုတဲ့ အစွန်းတရားနဲ့ စိုးရိမ်မှုလွန်ကဲခြင်းဆိုတဲ့ အစွန်းတရားပါ။ ဒီအစွန်းတွေမှာ ရပ်နေသူတွေနဲ့ ကြုံရတဲ့အခါ စီမံခန့်ခွဲရသူတွေမှာ အခက်တွေ့သွားပါတယ်။

ပေါ့ဆနေသူတွေကတော့ တာဝန်ရှိအဖွဲ့အစည်းတွေက ဘယ်လိုအမိန့်၊ ညွှန်ကြားချက်တွေ ထုတ်နေပေမယ့် ကိုယ်နဲ့မဆိုင်ပါဘူးဆိုတဲ့သဘောနဲ့ ပေါ့ပေါ့ဆဆနေနေကြပါတယ်။ တတ်နိုင်သမျှ အိမ်ထဲမှာပဲနေပါဆိုထားပေမယ့် အကြောင်းကိစ္စမရှိဘဲ အပြင်ထွက်နေကြတယ်။ မဖြစ်မနေ အပြင်ထွက်ရရင် Mask တပ်ကြပါလို့ ပြောပေမယ့် မတပ်ဘဲသွားလာနေကြတယ်။





**Mask** မတပ်တဲ့သူတွေဖမ်းပြီး ဒဏ်ငွေနှစ်ရာကောက်ခံနေသတဲ့ ဆိုတော့ “နှစ်ထောင်လောက် ပေးထားပြီး ဆယ်ရက်လောက် လျှောက်သွားဦးမယ်ဗျာ”လို့ အတည်လိုလို၊ ရယ်စရာလိုလို ပြောတဲ့သူတွေကရှိလာကြပြန်တယ်။

ကပ်ရောဂါဆိုးကျရောက်နေလို့ ထောင်သောင်းများစွာရောဂါပိုးကူးစက်ခံနေရပြီး လူရာထောင်ချီ သေဆုံးနေချိန်မှာ လူစုလူဝေးမလုပ်ကြဖို့ တာဝန်ရှိသူတွေက အမိန့်တွေထုတ်ထားပါလျက်နဲ့ လူအုပ်ကြီးတွေနဲ့လမ်းမပေါ်လှည့်ကြလည်ကြ လုပ်နေတာမျိုးကတော့ ကပ်ရောဂါကိုမထေမဲ့မြင် ပြုရာကျတဲ့အပြင် ဒီရောဂါ ထိန်းချုပ်ရေးအတွက် မိုးထဲရေထဲမှာ ရုန်းကန် လှုပ်ရှားနေကြရတဲ့ တာဝန်ရှိသူတွေ အပေါ်မှာရော ပြည်သူလူထုအပေါ်မှာပါ မလေးမစားပြုရာ ရောက်ပါတယ်။



လူအုံလိုက်ကျင်းလိုက် သွားနေသူတွေအနေနဲ့ ကိုယ့်အသက်ကိုယ်မနှမြောလို့ ကိုယ့်ဘာသာ လိုက်တယ်ပဲထားဦး။ အိမ်ပြန်ရောက်တဲ့အခါ ကိုယ့်မိသားစုကို ပြန်ပြီးဒုက္ခပေးသလို ဖြစ်နေမှာရယ်၊ ကိုယ့်ပတ်ဝန်းကျင်ကလူတွေ ကိုယ့်ကြောင့် ဒုက္ခရောက်ကုန်မှာရယ်ကိုတော့ အလေးအနက် စဉ်းစားသင့်ပါ တယ်။



ကပ်ရောဂါကိုထိန်းနိုင်ဖို့အတွက် စားသောက်ဆိုင်တွေမှာ ထိုင်စားစနစ်အစား ပါဆယ်စနစ်နဲ့သာ ရောင်းကြဖို့ အမိန့်တွေထုတ်ထားပါတယ်။ လိုက်နာသူတွေရှိသလို တစ်ချို့ဆိုင်တွေက ဆိုင်နောက်ဖေးခန်းမှာ တံခါးပိတ်ပြီး ရောင်းတာမျိုးတွေ ရှိပါတယ်။ ဒါကို တာဝန်ရှိသူတွေက ရှောင်တခင်စစ်ဆေးပြီး ရောင်းချခွင့်ပိတ်သိမ်းတာတွေ၊ ဥပဒေနဲ့အညီအရေးယူတာမျိုးတွေ ဆောင်ရွက်နေကြပါတယ်။



အခုကကတော့ တစ်ယောက်နဲ့တစ်ယောက် ထိတွေ့ကူးစက်မှုမျိုးမဖြစ်အောင် ရှောင်စေလိုတာပါ။ ပိုးရှိနေသူတစ်ယောက်က KTV မှာ သီချင်းလေးသွားဆိုလိုက်တာနဲ့ နောက်ထပ် ဘယ်နှစ်ယောက်တောင် ကူးသွားသလဲဆိုတာ အားလုံး တွေ့ခဲ့ကြပြီးဖြစ်ပါတယ်။ ဒါ့ကြောင့် အပေါ့အဆလွန်တဲ့အစွန်းဘက်မှာရပ်မနေကြဖို့ အားလုံးကို ပန်ကြား လိုပါတယ်။









ပေါ့ဆလွန်းတဲ့အစွန်းမှာရပ်နေတာ အန္တရာယ်များလွန်းသလို စိုးရိမ် မှုလွန်ကဲတဲ့အစွန်း ဘက်မှာ ရပ်နေတာလည်း မကောင်းပါဘူး။ ဘယ်မြို့နယ်မှာတော့ လူနာတစ်ယောက်ရှိပြီတဲ့လို့ကြားလိုက်တာ နဲ့ ဒီမြို့နယ်ကလူဆိုရင် ကိုယ့်ရပ်ကိုယ့်ရွာထဲကို အဝင်မခံတော့ ဘူးဆိုတာမျိုးတွေရှိကြပါတယ်။ ရောဂါပိုးတွေ့တဲ့ဒေသတိုင်းကို ဒီလိုကန့်သတ်ဖို့မလိုပါဘူး။ လိုအပ်ရင်လိုအပ်သလို Stay at Home မြို့နယ်တွေလည်း အခါအားလျော်စွာ သတ်မှတ်နေပြီဖြစ်ပါတယ်။ မလိုအပ်တော့တဲ့အခါမှာလည်း ပြန်လည်ဖြေလျှော့တာတွေ လုပ်ပေးနေပါတယ်။ ဒီအတိုင်းလိုက်နာကြဖို့သာလိုပါတယ်။






တစ်ချို့ကျေးရွာတွေက ကိုဗစ်ထိန်းချုပ်ရေးအတွက် ကိုယ့်ဘာသာကော်မတီတွေဘာတွေဖွဲ့ပြီး ရွာတံခါးကို အသေပိတ်ထားလိုက်တာတွေ၊ ရွာအဝင်/အထွက်လမ်းမကြီးကလွဲလို့ ကျန်တဲ့ လမ်းသွယ်လေးတွေကို တိုင်စိုက်၊ ဆူးကာထားလိုက်တာတွေ၊ ဟိုဘက်ရွာကနေ ဒီဘက်ရွာကို လာရင် Quarantine ထားလိုက်မယ်လို့ ကြေညာတာမျိုးတွေ၊ အနီးအနားမြို့တစ်မြို့ကို ဈေးသွားဝယ်ပြီး ပြန်လာတဲ့သူရဲ့အိမ်ကို Lockdown ချလိုက်တဲ့အပြင် သူဝယ်လာတဲ့ သားငါး၊ ကုန်စိမ်းတွေကို မြေမြှုပ်ဖျက်ဆီးပစ်လိုက်တာတွေ၊ တစ်ခြားရွာကလာတဲ့ဈေးသည်မှန်သမျှ ကိုယ့်ရွာထဲဝင်မရောင်းဖို့ တင်းတင်းကြပ်ကြပ်တားမြစ်လိုက်တာတွေ ရှိနေကြပါတယ်။ ခရီးဝေးထွက်နေတဲ့ ရွာကလူတွေ ဘယ်နေ့ဘယ်ရက်အရောက်ပြန်လာ၊ သတ်မှတ်ရက်ထက် နောက်ကျမှပြန်လာရင်တော့ အနီးအနားရွာကပြန်လာသူပဲဖြစ်ဖြစ် Quarantine ဝင်ရမယ်ဆိုတာမျိုး လုပ်တဲ့ကျေးရွာတွေ ရှိနေကြပါတယ်။ ရွာအဝင်/အထွက်လမ်းသွယ်တွေကိုပိတ်လိုက်လို့ တစ်မြို့တစ်ရွာကို သွားဖို့ခက်တဲ့အပြင် တောသွားတောလာလှည်းတွေပါ ဒုက္ခရောက်ပြီး တစ်ကွေ့တစ်ပတ်ကြီး လှည့်မောင်းနေကြရတာမျိုးတွေရှိပါတယ်။



အိမ်နီးချင်းမြို့နယ်တွေကပြန်လာသူတွေကို Quarantine မထားလို့ တာဝန်ရှိသူကို ပြဿနာရှာတာတွေ၊ ထားဖို့မလိုသူကို ဇွတ်အတင်းထားပြီး တာဝန်ရှိသူက ပြန်လည်ဖြေရှင်းဆောင်ရွက်ပေးတဲ့အခါ နားလည်မှုလွဲမှားပြီး တာဝန်ရှိတဲ့သူကိုအရေးယူပေးဖို့ ဗဟိုကော်မတီအထိ တိုင်ကြားတာတွေ ရှိနေပါတယ်။




ဒီရောဂါက ဖြစ်လာရင်အတော်ဆိုးသတဲ့ဆိုတာနဲ့ ကြားဖူးနားဝရှိတဲ့အပေါ်မူတည်ပြီး မလိုအပ်ဘဲ စည်းကမ်းတင်းကြပ်လွန်းတာတွေက ပတ်ဝန်းကျင်အတွက် အခက်တွေ့စေပါတယ်။ ဒီအနေအထားတွေက အထူးသဖြင့် ကျေးရွာတွေမှာဖြစ်လေ့ရှိပါတယ်။ ညွှန်ကြားချက်တွေကို ကျော်လွန်ပြီး ပိုမိုတင်းကြပ်လိုက်တာတွေပါ။ ကာကွယ်ခြင်းက ကုသခြင်းထက်ပိုမကောင်းပေဘူးလား ဆိုပြီး ဆင်ခြေဆင်လက်ပေးတတ်ကြပါသေးတယ်။ ဒီစကားမှန်ပေမယ့် တင်းလွန်းတာက ဘေးထွက်ဆိုးကျိုးတွေတော့ ရှိနေတတ်တာကို သတိပြုရမှာပါ။ စားဝတ်နေရေးပါ အခက်တွေ့သွားတတ်ပါတယ်။



စိုးရိမ်မှုလွန်ကဲပြီး တင်းကြပ်လွန်းသူတွေက ပေါ့ဆလွန်းသူတွေနဲ့စာရင်တော့ တော်သေးတယ်လို့ ပြောရမယ့်သူတွေပါ။ ဘာပဲဖြစ်ဖြစ် လိုအပ်လို့ထုတ်ပြန်ထားတဲ့ အမိန့်၊ ညွှန်ကြားချက်တွေကိုသာ လေးစား လိုက်နာပေးရမှာပါ။ ကိုယ့်သဘောနဲ့ကိုယ် စည်းမျဉ်းစည်းကမ်းတွေထုတ်ပြန်ပြီး မတင်းကြပ်ကြဖို့ မေတ္တာရပ် ခံလိုပါတယ်။

တာဝန်ရှိတဲ့သူတွေအနေနဲ့ မလျော့မတင်းစောင်းကြိုးညှင်းဆိုသလို အခြေအနေ အချိန်အခါကို ချိန်ဆ ပြီး ကိုင်တွယ်ဖြေရှင်းနေကြတာပါ။ ကပ်ရောဂါထိန်းချုပ်ရေးအပြင် လူမှုရေး၊ စီးပွားရေးစတဲ့ ဘက်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံကိုလည်း ချိန်ထိုးသုံးသပ်ပြီး ဆောင်ရွက်နေကြတာ ဖြစ်ပါတယ်။ တစ်ခုတည်းကြည့်ပြီး တစ်ဘက် စောင်းနင်း လုပ်လို့မရတာကို နားလည်ပေးကြဖို့ လိုအပ်ပါတယ်။






ကိုဗစ်ကပ်ဆိုးကို ရင်ဆိုင်တဲ့အခါ တစ်ကျောင်းတစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်းနဲ့ ကိုယ်မှန်တယ်ထင်တာ ကိုယ်ရမ်းလုပ်နေလို့မဖြစ်ပါဘူး။ တတ်ကျွမ်းနားလည်သူတွေက အခြေအနေ အချိန်အခါကို ချိန်ထိုး သုံးသပ်ပြီး လိုအပ်သလိုထုတ်ပြန်ပေးနေတဲ့ အမိန့်၊ ညွှန်ကြားချက်တွေကိုသာ တိတိကျကျလိုက်နာပေးဖို့ လိုပါ တယ်။

ဒီရောဂါဆိုးကိုထိန်းချုပ်နိုင်ဖို့အတွက် အရေးကြီးတဲ့အချက်တွေကတော့ ပြည်သူတစ်ဦး တစ်ယောက်ချင်း အနေနဲ့ တတ်နိုင်သမျှ အိမ်မှာပဲနေဖို့၊ မဖြစ်မနေ အပြင်ထွက်ရရင် Mask တပ်ဖို့၊ လူစုလူဝေးရှောင်ကြဉ်ဖို့၊ အပြင်ကပြန်လာတိုင်း၊ တစ်စုံတစ်ခုကိုကိုင်တွယ်ပြီးတိုင်း ရေနဲ့ဆပ်ပြာသုံးပြီး အနည်းဆုံးစက္ကန့်နှစ်ဆယ်ကြာ အောင် လက်ဆေးပေးဖို့ ဖြစ်ပါတယ်။

ကိုဗစ်ကပ်ဆိုးထိန်းချုပ်ဖို့ အစွန်းနှစ်ဘက်ရှောင်ကြစို့။







